**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၁၂၂ / ၂၀၂၄

၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်

( ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၂ ရက် )

## စည်ပင်သာယာရေးဥပဒေများစိစစ်မှု ဦးဆောင်ကော်မတီ ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် လိုက်နာကျင့်သုံးလျက်ရှိသော စည်ပင်သာယာရေးဥပဒေများပါ ပြဋ္ဌာန်းချက်များ တစ်ပြေးညီဖြစ်စေရေးအတွက် စိစစ်နိုင်ရန်နှင့် လမ်းညွှန်ကြီးကြပ်နိုင်ရန် **“ စည်ပင်သာယာရေးဥပဒေများ စိစစ်မှု ဦးဆောင်ကော်မတီ ”** ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးများ<br>တိုင်းဒေသကြီးနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့များ | အဖွဲ့ဝင် |
| (င) | ဥက္ကဋ္ဌ<br>တပ်မြို့စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ စည်ပင်သာယာရေးဥပဒေများစိစစ်မှု ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စည်ပင်သာယာရေး ဥပဒေများပါ ကွဲပြားလျက်ရှိသည့် ပြဋ္ဌာန်းချက်များကို စိစစ်နိုင်ရန် မူဝါဒနှင့် လမ်းညွှန်ချက်များချမှတ်ခြင်း၊

(ခ) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ စည်ပင်သာယာရေး ဥပဒေများပါ ကွဲပြားလျက်ရှိသည့် ပြဋ္ဌာန်းချက်များကို စိစစ်နိုင်ရေးနှင့် ထည့်သွင်း ပြဋ္ဌာန်းသင့်သည့်အချက်များ၊ ပယ်ဖျက်သင့်သည့်အချက်များနှင့် ပြင်ဆင်သင့်သည့် အချက်များအား အကြံပြုနိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်းနှင့်ကြီးကြပ်ခြင်း၊

(ဂ) မိမိ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန် လိုအပ်သော လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဃ) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စည်ပင်သာယာရေး ဥပဒေများနှင့်စပ်လျဉ်း၍ စိစစ်တွေ့ရှိချက်များအပေါ် မူတည်၍ ပြင်ဆင်ရေးဆွဲရန် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(င) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ က ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး